ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ(၂) အမှတ် (၁၁) ၂၀၂၄ခုနှစ် မတ်လ ၁၅ရက်

## မာတိကာစဉ်


| | | |
|---|---|---|
| ၁။ | မြန်မာဥပဒေသတင်းအချက်အလက်စနစ် (MLIS) တွင် ဖော်ပြလျက်ရှိသော ဥပဒေ၊နည်းဥပဒေနှင့်အမိန့်ကြော်ငြာစာအသစ်များအကြောင်း သိကောင်းစရာ။ | ၂-၄ |
| ၂။ | ဟောင်ကောင်တွင် အသစ်ပြဋ္ဌာန်းမည့် ဒေသလုံခြုံရေးဆိုင်ရာ ဥပဒေအပေါ် လူထုသဘောထားရယူရန် ကာလသတ်မှတ်ခြင်း။ | ၅-၆ |
| ၃။ | အမေရိကန်နိုင်ငံ၏ အင်တာနက်နည်းဥပဒေများ။ | ၇-၈ |
| ၄။ | အမေရိကန်နိုင်ငံ အိုဟိုင်းယိုးပြည်နယ်တွင် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး လုပ်ငန်းများကို စီမံချက်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း။ | ၉-၁၀ |
| ၅။ | ဥပဒေအရာရှိအဆင့်-၄ (အစမ်းခန့်)များ လုပ်ငန်းခွင်ဝင်သင်တန်း အမှတ်စဉ် ၁/၂၀၂၄ သရုပ်ပြတရားခွင် (Mock Trial) ပြုလုပ်ကျင်းပခြင်း။ | ၁၁-၁၂ |

## မြန်မာဥပဒေသတင်းအချက်အလက်စနစ် (MLIS) တွင် ဖော်ပြလျက်ရှိသော ဥပဒေနှင့် အမိန့်ကြော်ငြာစာအသစ်များအကြောင်း သိကောင်းစရာ

ဥပဒေရေးရာဝန်ကြီးဌာနက ဝန်ဆောင်မှုများပေးနေသော မြန်မာဥပဒေသတင်းအချက်အလက်စနစ်(MLIS)တွင် ယခုသီတင်းပတ်အတွင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ထုတ်ပြန်သည့်ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေကိုပြင်ဆင်သည့် ဥပဒေ(၁)ခု၊ ရေနံလက်ယက်တွင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့်ဥပဒေ (၁)ခု နှင့် ဥပဒေရေးရာဝန်ကြီးဌာန၊ ဥပဒေဘာသာပြန်ဌာနခွဲ (Legal Translation Division) က အင်္ဂလိပ်ဘာသာပြန်ဆိုထားသော The Union Budget Law for the Period from October 2021 to March 2022 ၊ The Union Taxation Law,2021 ၊ The National Plan Law for the Six Months of 2021-2022 Financial Year တို့ကို အများပြည်သူများ လွယ်လင့်တကူ ကြည့်ရှုနိုင်ရန် ဖော်ပြဝန်ဆောင်မှုပေးထားသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ၁၂.၃.၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် ၁၈/၂၀၂၄ ဖြင့် ရေနံလက်ယက်တွင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့်ဥပဒေကို ပြဋ္ဌာန်းခဲ့ပါသည်။ ရေနံလက်ယက်တွင်းဆိုင်ရာဥပဒေကို (၂၀၁၇ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်၁၅) ဖြင့် ၁၇.၇.၂၀၁၇ ရက်နေ့က ထုတ်ပြန်ပြဋ္ဌာန်းခဲ့ပြီး ယခု ၁၂.၃.၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ပထမအကြိမ်ပြင်ဆင်ရာ၌ ဥပဒေ၏ ပုဒ်မ ၂တွင် ပုဒ်မခွဲ (ခ)ကို အစားထိုး ပြင်ဆင် ခဲ့ပါသည်။

ရေနံလက်ယက်တွင်းဆိုင်ရာဥပဒေ ပုဒ်မ ၂၊ ပုဒ်မခွဲ(ခ)တွင် "ဝန်ကြီးဌာန ဆိုသည်မှာ ပြည်ထောင်စုအစိုးရလျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနကို ဆိုသည်။"ဟု ပြဋ္ဌာန်းထားပြီးယခုအခါ "ဝန်ကြီးဌာနဆိုသည်မှာ ပြည်ထောင်စုအစိုးရစွမ်းအင်ဝန်ကြီးဌာနကို ဆိုသည်။"ဟု အစားထိုး ပြင်ဆင်ပြဋ္ဌာန်းထားသည်ကို တွေ့ရှိရပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ၁၂.၃.၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် ၁၇/၂၀၂၄ ဖြင့် ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကို ပြဋ္ဌာန်းခဲ့ပါသည်။ ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေကို (၂၀၁၇ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်(၂၀)ဖြင့် ၁.၈.၂၀၁၇ ရက်နေ့က ထုတ်ပြန်ပြဋ္ဌာန်းခဲ့ပြီး ယခု ၁၂.၃.၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ပထမအကြိမ်ပြင်ဆင်ခဲ့ရာ၌ ဥပဒေ၏ ပုဒ်မ ၂တွင် ပုဒ်မခွဲ (ဋ)၊ (ဗ)၊ (ရ) နှင့် (လ)တို့ကို အစားထိုးပြင်ဆင်ခဲ့ပါသည်။

ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေ ပုဒ်မ ၂၊ ပုဒ်မခွဲ (ဋ)တွင် "သိုလှောင်ခြင်း ဆိုသည်မှာ ရေနံ သို့မဟုတ် ရေနံထွက်ပစ္စည်းကို သတ်မှတ်ချက်များနှင့်အညီ နေရာတစ်ခုခုတွင် ထားသိုခြင်းကို ဆိုသည်။ ယင်းစကားရပ်တွင် ရေနံ သို့မဟုတ် ရေနံထွက်ပစ္စည်းကို လျှပ်စစ် နှင့် စွမ်းအင်ဝန်ကြီးဌာနက အခါအားလျော်စွာ သတ်မှတ်သော လမ်းကြောင်းဖြင့် သယ်ယူနေစဉ်အတွင်း ခေတ္တထားသိုခြင်း မပါဝင်။"ဟုပြဋ္ဌာန်းထားပြီးယခုအခါ"သိုလှောင်ခြင်း ဆိုသည်မှာ ရေနံ သို့မဟုတ် ရေနံထွက်ပစ္စည်းကို သတ်မှတ်ချက်များနှင့်အညီ နေရာတစ်ခုခုတွင် ထားသိုခြင်းကိုဆိုသည် ယင်းစကားရပ်တွင် ရေနံ သို့မဟုတ် ရေနံထွက်ပစ္စည်းကို စွမ်းအင်ဝန်ကြီးဌာနက အခါအားလျော်စွာ သတ်မှတ်သော လမ်းကြောင်းဖြင့် သယ်ယူနေစဉ်အတွင်း ခေတ္တထားသိုခြင်းမပါဝင်။" ဟုလည်းကောင်း၊ ပုဒ်မခွဲ (ဗ)တွင် "သက်ဆိုင်ရာဝန်ကြီးဌာန ဆိုသည်မှာ လျှပ်စစ် နှင့် စွမ်းအင်ဝန်ကြီးဌာနမှတစ်ပါး ဤဥပဒေပါ ပြည်ထောင်စုအဆင့်ရှိ အခြားဝန်ကြီးဌာနတစ်ခုခုကို ဆိုသည်။"ဟုပြဋ္ဌာန်းထားပြီး ယခုအခါ " သက်ဆိုင်ရာဝန်ကြီးဌာနဆိုသည်မှာ စွမ်းအင်ဝန်ကြီးဌာနမှတစ်ပါး ဤဥပဒေပါပြည်ထောင်စုအဆင့်ရှိအခြားဝန်ကြီးဌာနတစ်ခုခုကို ဆိုသည်။"ဟုလည်းကောင်း၊ ပုဒ်မခွဲ(ရ)တွင် "ဝန်ကြီးဌာန ဆိုသည်မှာ ပြည်ထောင်စုအစိုးရလျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနကို ဆိုသည်။"ဟု ပြဋ္ဌာန်းထားပြီး ယခုအခါ "ဝန်ကြီးဌာနဆိုသည်မှာ ပြည်ထောင်စုအစိုးရ စွမ်းအင်ဝန်ကြီးဌာနကို ဆိုသည်။"ဟုလည်းကောင်း၊ ပုဒ်မခွဲ(လ)တွင်"ဝန်ကြီး ဆိုသည်မှာ ပြည်ထောင်စုအစိုးရလျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကိုဆိုသည်။"ဟုပြဋ္ဌာန်းထားပြီး ယခုအခါ "ဝန်ကြီးဆိုသည်မှာ ပြည်ထောင်စုအစိုးရ စွမ်းအင်

ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကို ဆိုသည်။”ဟုလည်းကောင်း အစားထိုးပြင်ဆင် ပြဋ္ဌာန်းထားသည်ကို တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ ရေနံနှင့် ရေနံထွက်ပစ္စည်း လုပ်ကိုင်သူများ၊ ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေနှင့် ရေနံလက်ယက်တွင်းဆိုင်ရာဥပဒေတို့ကို လေ့လာလိုသူများအနေဖြင့် MLIS Website တွင် ဝင်ရောက် လေ့လာဖတ်ရှုနိုင်ပါကြောင်း ဖော်ပြအပ်ပါသည်။

e- Government ဌာနခွဲ<br>
ဝန်ကြီးရုံး<br>
ဥပဒေရေးရာဝန်ကြီးဌာန

ဥပဒေရေးရာဝန်ကြီးဌာန
အပတ်စဉ်သတင်းလွှာ
အတွဲ(၂) အမှတ် (၁၁) ၂၀၂၄ခုနှစ် မတ်လ ၁၅ရက်

## ဟောင်ကောင်တွင် အသစ်ပြဋ္ဌာန်းမည့် ဒေသလုံခြုံရေးဆိုင်ရာ ဥပဒေအပေါ် လူထုသဘောထားရယူရန် ကာလ သတ်မှတ်ခြင်း

ဟောင်ကောင်အထူးအုပ်ချုပ်ရေးဒေသ (ဟောင်ကောင်)တွင် ပြဋ္ဌာန်းမည့် လုံခြုံရေးဆိုင်ရာ ဥပဒေအသစ်အပေါ် လူထုသဘောထားကောက်ခံခြင်းကို ၄ ပတ်ကြာ သတ်မှတ်ဆောင်ရွက်မည်ဖြစ်ကြောင်း ဟောင်ကောင်အုပ်ချုပ်ရေးအကြီးအကဲက ၂၀၂၄ ခုနှစ် နှစ်ဆန်းပိုင်း၌ ကြေငြာထားပါသည်။ ဟောင်ကောင်ပြည်သူများက ၎င်းတို့၏သဘောထားများကိုထုတ်ဖော်နိုင်မည်ဖြစ်ပြီး ယင်းသဘောထားများကို ဥပဒေရေးဆွဲသူများက ထည့်သွင်းသုံးသပ်မည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

ဟောင်ကောင်သည် ဟောင်ကောင်ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၃ အရ တရုတ်ပြည်သူ့သမ္မတဗဟိုအစိုးရအား ပုန်ကန်ခြင်း၊ ခွဲထွက်ခြင်း၊ အကြည်ညိုပျက်အောင်ပြုလုပ်ခြင်း စသည့်ပြစ်မှုများတားဆီးကာကွယ်ရေးအတွက် လိုအပ်သည့်ဥပဒေများကို ပြဋ္ဌာန်းခွင့်ရှိကြောင်း၊ အသစ်ပြဋ္ဌာန်းမည့်ဥပဒေသည် တစ်မျိုးသားလုံး အချုပ်အခြာအာဏာလုံခြုံရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အကျိုးပြုမည်ဖြစ်သကဲ့သို့ ဟောင်ကောင်ဖွဲ့စည်းပုံအခြေခံဥပဒေ၊ နိုင်ငံတကာသဘောတူညီချက်များနှင့်အညီ လူ့အခွင့်အရေးအား လေးစားကာကွယ်မြှင့်တင်မှုတို့အတွက်လည်း ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ဗဟိုအစိုးရအဖွဲ့ရုံးမှ တာဝန်ရှိသူက အလေးပေးပြောကြားကြောင်း ဖော်ပြထားပါသည်။

လူထုသဘောထားတောင်းခံသည့်စာတမ်းတွင် နိုင်ငံတော်ပုန်ကန်မှု၊ ပုန်ကန်ရန် အားပေးလှုံ့ဆော်မှု၊ နိုင်ငံတော်လျှို့ဝှက်ချက်ခိုးယူမှုနှင့် သူလျှိုပြုလုပ်မှု၊ နိုင်ငံတော်အား ဖျက်လိုဖျက်ဆီးပြုလုပ်မှုနှင့် ပြည်ပမှဝင်ရောက်စွက်ဖက်မှုစသည့် နယ်ပယ်ငါးခုအား နိုင်ငံတော်လုံခြုံရေးအား အဓိကခြိမ်းခြောက်စေသည့် ဘေးအန္တရာယ်အဖြစ် သတ်မှတ်ထားကြောင်း၊ နိုင်ငံတော်လုံခြုံရေးနှင့် လူ့အခွင့်အရေးတို့သည် အပြန်အလှန်ချိတ်ဆက်မှုရှိခြင်းကြောင့် နိုင်ငံတော်လုံခြုံရေး မရှိပါက နိုင်ငံသားများသည် လူ့အခွင့်အရေးနှင့်လွတ်လပ်ခွင့်တို့ကို ပြည့်ဝစွာခံစားခွင့် ရရှိနိုင်မည်မဟုတ်ကြောင်း၊ အများပြည်သူအကျိုးစီးပွားရရှိရေး သေချာစေရန်အတွက် လူထုသဘောထားကို အလေး

အနက် စိစစ် သုံးသပ်ရန်ဖြစ်ကြောင်းနှင့် ယခုပြဋ္ဌာန်းမည့်ဥပဒေသည် တရုတ်နိုင်ငံ၊ ဘေဂျင်းမြို့၌ ၂၀၂၀ ခုနှစ်၌ပြဋ္ဌာန်းခဲ့သည့် အမျိုးသားလုံခြုံရေး ဥပဒေနှင့်တူညီမှုရှိမည်မဟုတ်ကြောင်း ဖော်ပြထားပါသည်။

စီးပွားရေးစာချုပ်စာတမ်းဌာနခွဲ
ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

REFERENCE

http://www.jurist.org/2024/hong-kong-begins-consultation-period-for-local-security-legislation/

## အမေရိကန်နိုင်ငံ၏ အင်တာနက်နည်းဥပဒေများ

အမေရိကန်နိုင်ငံတွင် ကမ္ဘာတစ်ဝှမ်း အသုံးပြုနေသည့် အင်တာနက်နှင့် လူမှုမီဒီယာ၏ အခြေခံအုတ်မြစ်ဖြစ်သည့် သက်တမ်း ၂၃ နှစ်ကြာပြီဖြစ်သော ဆက်သွယ်မှု လွယ်ကူချောမွေ့စေရေး ဥပဒေ(The Communications Decency Act)အား လတ်တလောတွင် အမေရိကန်တရားရုံးချုပ်က အထူးအာရုံစိုက်နေသည်။ ယင်းဥပဒေ ပုဒ်မ ၂၃၀ အရ အင်တာနက် ဝက်ဘ်ဆိုက်ပိုင်ရှင်၏ တာဝန်ရှိမှုမှာ အင်တာနက် အသုံးပြုသူဖန်တီး ထားသည့်အကြောင်းအရာအပေါ်တွင် ဝက်ဘ်ဆိုက်ပိုင်ရှင်က မည်မျှထိ ကာကွယ်ပေးနိုင်မှုရှိကြောင်း ကို တရားလွှတ်တော်က ဆင်ခြင်သုံးသပ်ခြင်းပင်ဖြစ်သည်။

ဤဥပဒေသည် ဝက်ဘ်ဆိုက်၊ You Tube နှင့်  စီးပွါးရေးလုပ်ငန်းရှင်များအား ဝေဖန်သုံးသပ်မှုများအပေါ် တရားစွဲဆိုခြင်းမှ ကင်းလွတ်ခွင့်ပြုထားပါသည်။ ထို့ပြင် နည်းပညာကုမ္ပဏီကြီးများသည် ဥရောပတွင်အသစ်ပြဋ္ဌာန်းလိုက်သည့် နည်းပညာပိုင်းဆိုင်ရာ ဥပဒေများကိုလည်း လိုက်နာရပါသည်။

Amazon၊ Apple၊ Meta နှင့် Microsoft (MSFT) ကဲ့သို့သော "gatekeepers" များအဖြစ်သတ်မှတ်ထားသော နည်းပညာကုမ္ပဏီများသည် EU ၏ ဒစ်ဂျစ်တယ်စျေးကွက်ဥပဒေ (Digital Markets Act) နှင့် ဒစ်ဂျစ်တယ်ဝန်ဆောင်မှုဥပဒေ (Digital Services Act) ကို လိုက်နာရမည်ဖြစ်သည်။

အဆိုပါဥပဒေများအရ နည်းပညာကုမ္ပဏီကြီးများသည်  အင်တာနက်တွင် ဝန်ဆောင်မှုပေးသည့် တတိယပုဂ္ဂိုလ် (Third party)ထက် ၎င်းတို့၏ကိုယ်ပိုင်ထုတ်ကုန်နှင့် ဝန်ဆောင်မှုများ ကို ဦးစားပေးနိုင်ခြင်းမရှိဟုလည်းကောင်း၊ ထို့ပြင်လုပ်ငန်းသုံးပရိုဂရမ်နှင့် စက်ပစ္စည်းများကြား တွင် ချောမွေ့စွာလုပ်ဆောင်ရန် စာတိုပေးပို့ခြင်း ဝန်ဆောင်မှုများကို လိုအပ်သည်ဟုလည်းကောင်း ပြဋ္ဌာန်းသတ်မှတ်ထားပါသည်။

ဒစ်ဂျစ်တယ်ဝန်ဆောင်မှုဥပဒေ(The Digital Services Act) သည် သုံးစွဲသူ ဖန်တီးသည့် အကြောင်းအရာများကို လက်ခံဆောင်ရွက်ပေးသည့် အဓိကနည်းပညာ ကုမ္ပဏီများ၏ တာဝန်ရှိမှုကိုလည်း ဖော်ထုတ်ထားပါသည်။ ၎င်း၏စည်းမျဉ်းစည်းကမ်းများသည် တတိယပုဂ္ဂိုလ်အား သံသယဖြစ်ဖွယ်တရားမဝင်အကြောင်းအရာများကို သတင်းပို့ရန်ခွင့်ပြုထားပြီး အကြောင်းကြားချက်ထုတ်ပြီးသည်နှင့် အဆိုပါ အကြောင်းအရာများကို အမြန်ပိတ်ရန် သို့မဟုတ် ဖယ်ရှားရန်လည်း ခွင့်ပြုထားသည်။နည်းဥပဒေအသစ်များအရ အသုံးပြုသူများသည် ကြိုတင်ထည့်သွင်းထားသည့် ပရိုဂရမ်များကို အလွယ်တကူဖြုတ်ပစ်ရန် သို့မဟုတ် လည်ပတ်မှုစနစ်များတစ်လျှောက် လုပ်ဆောင်နိုင်မှုမရှိသည့် ဆက်တင်များကိုလည်း ပြောင်းလဲရန် စွမ်းဆောင်နိုင်စေပါသည်။

သို့ဖြစ်ပါ၍ အဆိုပါ ဥပဒေ၊ နည်းဥပဒေများသည် နည်းပညာကုမ္ပဏီကြီးများ၏ တာဝန်ယူမှုအပိုင်းကို အလေးပေးထားပြီး စီးပွါးရေးလုပ်ငန်းရှင်များ၏ တာဝန်ခံမှုအပေါ် အထူးအရေးပေးဖော်ပြထားပါကြောင်း သိရှိရပါသည်။

အပြည်ပြည်ဆိုင်ရာဥပဒေနှင့်အာဆီယံဥပဒေရေးရာဌာနခွဲ
ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

[https://finance.yahoo.com/news/here-are-the-biggest-business-law-issues-to-watch-in-2023-193859801.html](https://finance.yahoo.com/news/here-are-the-biggest-business-law-issues-to-watch-in-2023-193859801.html)

## အမေရိကန်နိုင်ငံ အိုဟိုင်းယိုးပြည်နယ်တွင် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး လုပ်ငန်းများကို စီမံချက်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခြင်း

အမေရိကန်နိုင်ငံ၊ အိုဟိုင်းယိုးပြည်နယ်၊ ရှေ့နေချုပ်ရုံးက ယင်းပြည်နယ်တွင် လတ်တလော ဖြစ်ပွားနေသည့် လူကုန်ကူးမှုအန္တရာယ်တားဆီးနှိမ်နင်းရေးဆောင်ရွက်ရာတွင် လိင်လုပ်သားများ အဖြစ် အသက်မွေးဝမ်းကျောင်းပြုနေသည်ဟု သံသယရှိသူ ၁၆၀ ဦးကို ဖမ်းဆီးခဲ့ပါသည်။ အဆိုပါ တားဆီးနှိမ်နင်းရေးစီမံချက်၏ရည်ရွယ်ချက်မှာ “Operation Buyer’s Remorse”ဟု အမည်ပေးထား ပြီး လိင်ကုန်ကူးမှုတွင် လိင်လုပ်သားဝယ်ယူသူများကို ဖမ်းဆီးရန် နှင့် လိင်ကုန်ကူးမှုမှ နစ်နာသူကို ဖော်ထုတ်ရန်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

အိုဟိုင်းယိုးပြည်နယ်ရှေ့နေချုပ် Dave Yost က ဖမ်းဆီးခံရသူ များအနက်မှ ၁၄၉ ဦးကို ပြည့်တန်ဆာလုပ်ငန်းလုပ်ကိုင်မှုဖြင့် တရားစွဲဆိုအရေးယူခဲ့ပြီး တရားခံ ၂ ဦးကို အရွယ်မရောက် သေးသူ ကလေးသူငယ်များနှင့် လိင်ဆက်ဆံရန် ကြိုးပမ်းမှုဖြင့်လည်းကောင်း၊ တရားခံ ၆ ဦးကို ပြည့်တန်ဆာလုပ်ငန်းတွင်ကျယ်စေရန် ပြုလုပ်မှုဖြင့်လည်းကောင်း၊ ကျန်သူများကို တရားမဝင် မူးယစ်ဆေးဝါးနှင့် လက်နက်များလက်ဝယ်ထားမှုဖြင့်လည်းကောင်း အရေးယူထားကြောင်း၊ ယခု လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး စီမံချက်၏အောင်မြင်မှုကို ဖမ်းမိသူအရေအတွက်ပေါ်မူတည်၍ တိုင်းတာခြင်းသာမက လူကုန်ကူးမှုမှ နစ်နာသူများ ပြန်လည်ထူထောင်ရေး ဆောင်ရွက်ပေးနိုင်မည့် အတိုင်းအတာနှင့် အမှုစုံစမ်းဖော်ထုတ်ရန် ရှေ့ဆက်လုပ်ဆောင်ရမည့်လုပ်ငန်းစဉ် များပြီးမြောက်မှု နှင့်လည်းတိုင်းတာကြောင်း၊ ပြည်နယ်ရဲချုပ် James Schultz ကလည်း စုံစမ်းစစ်ဆေးမှုအရ ယခု မှုခင်းတွင် ကြီးမားသည့်ကွန်ယက်တစ်ခုရှိနေပြီး အမှုမှ နစ်နာသူများသည် အဆိုးရွားဆုံးအခြေအနေ ကိုကြုံတွေ့ခံစားခဲ့ရကာအတင်းအကြပ်စေခိုင်းခြင်းခံခဲ့ရကြောင်း၊ အမှုများကို ပြည်နယ်ရှေ့နေချုပ်ရုံး ၏စုံစမ်းစစ်ဆေးရေးကော်မရှင်က ဦးဆောင်ပြီး နယ်မြေတွင် တရားဥပဒေစိုးမိုးရေး အဖွဲ့အစည်းများ နှင့်ပူးပေါင်းကာ စစ်ဆေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အမေရိကန်ပြည်သူ့လွတ်လပ်ခွင့်အဖွဲ့ အစည်း (American Civil Liberties Union, ACLU)က တရားမဝင်လိင်လုပ်ငန်းလုပ်ကိုင်ခြင်းသည်

လိုင်လုပ်သားများ အကြမ်းဖက်မှု ကျူးလွန်ခံရနိုင်ခြေမြင့်မားစေသည့်အတွက် လိင်လုပ်ငန်းကို တရားဝင်လုပ်ကိုင်ခွင့်ပေးခြင်းက လိင်လုပ်သားများ၏ လုံခြုံမှုကို တိုးမြှင့်စေနိုင်ကြောင်း၊ ယင်းသို့ တရားဝင်လုပ်ကိုင်ခွင့်ပြုခြင်းဖြင့် ကျန်းမာရေး စောင့်ရှောက်မှုနှင့် အခြားအရေးကြီးသော ကာကွယ်စောင့်ရှောက်မှုများ ပေးနိုင်ခြင်းကြောင့် ယခုကဲ့သို့ အစုလိုက်အပြုံလိုက် အရေးယူရခြင်းမှ ကင်းဝေးစေနိုင်မည်ဖြစ်ကြောင်း၊ လူ့အခွင့်အရေးစောင့်ကြည့်လေ့လာရေးအဖွဲ့ (Human Rights Watch) ကလည်း လိင်လုပ်သားများနှင့် လိင်ပိုင်းဆိုင်ရာမှုခင်းများမှ နစ်နာသူများကို အကာအကွယ်ပေးနိုင်ရန် လူကုန်ကူးမှုနှင့် ကလေးသူငယ်လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ခြင်းကဲ့သို့သော ရာဇဝတ်မှုများကို ရှင်းရှင်းလင်းလင်း ခွဲခြားသိမြင်ရန်နှင့် ယင်းမှုခင်းများတွင် ဥပဒေပြဋ္ဌာန်းချက်များ၏ အရေးပါမှုကို ထောက်ပြထားကြောင်း သိရှိရပါသည်။

တရားမစွဲမီဥပဒေအကြံဉာဏ်ပေးရေးနှင့် တင်ပြချက်များစိစစ်ရေးဌာနခွဲ
တရားစွဲနှင့်အမှုလိုက်ဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

သတင်းအရင်းအမြစ် - https://www.usatoday.com/story/news/nation/2023/10/03/ohio-human-trafficking-operation-160-arrests/71041470007/

## ဥပဒေအရာရှိအဆင့်-၄ (အစမ်းခန့်)များ လုပ်ငန်းခွင်ဝင်သင်တန်း အမှတ်စဉ်၁/၂၀၂၄ သရုပ်ပြတရားခွင် (Mock Trial) ပြုလုပ်ကျင်းပခြင်း

ဥပဒေရေးရာဝန်ကြီးဌာနတွင် ဥပဒေအရာရှိအဆင့် - ၄ (အစမ်းခန့်)များ လုပ်ငန်းခွင်ဝင် သင်တန်းအမှတ်စဉ် ၁/၂၀၂၄ အား ၁၄.၂.၂၀၂၄ ရက်နေ့မှ၁၀.၄.၂၀၂၄ ရက်နေ့အထိ သင်တန်း သား (၃၀) ဦး သင်တန်းသူ (၃၀)ဦး စုစုပေါင်း (၆၀)ဦးအား ဖွင့်လှစ်သင်ကြားလျက်ရှိပါသည်။

ပြည်ထောင်စုဝန်ကြီးနှင့်ပြည်ထောင်စုရှေ့နေချုပ်၏ လမ်းညွှန်ချက်အရ ဥပဒေအရာရှိအဆင့် -၄ (အစမ်းခန့်)များ လုပ်ငန်းခွင်ဝင်သင်တန်း အမှတ်စဉ် ၁/၂၀၂၄ မှ သင်တန်းသား (၆၀) ဦးကို တရားစွဲ နှင့်အမှုလိုက်ဦးစီးဌာနနှင့် ဥပဒေအသိပညာပြန့်ပွားရေးဦးစီးဌာနတို့မှပူးပေါင်း၍ တရားခွင်လက်တွေ့ သရုပ်ပြခြင်းအား ၁၁-၃-၂၀၂၄ ရက်နေ့တွင် ဥပဒေရေးရာဝန်ကြီးဌာန၏ မြေညီထပ်အစည်းအဝေး ခန်းမ၌ ပြုလုပ်ကျင်းပခဲ့ပြီး ပြည်ထောင်စုဝန်ကြီးနှင့်ပြည်ထောင်စုရှေ့နေချုပ်၊ ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ်၊ ညွှန်ကြားရေးမှူးချုပ်များ၊ လေ့ကျင့်သင်ကြားရေးဌာနခွဲမှ တာဝန်ရှိသူများ၊ တရားစွဲနှင့်အမှုလိုက်ဦးစီးဌာနမှ သင်တန်းဆရာ၊ဆရာမများနှင့် သရုပ်ပြတရားခွင်တွင် ပါဝင်သရုပ် ဆောင်ခဲ့ကြသော အရာထမ်း၊ အမှုထမ်းများ တက်ရောက်ခဲ့ပါသည်။

သရုပ်ပြတရားခွင် (Mock Trial) အား ဥပဒေရေးရာဝန်ကြီးဌာနရှိ ပညာအရည်အချင်း ပြည့်ဝ၍အမှုလိုက်အတွေ့အကြုံများ ပြည့်စုံရင့်ကျက်သည့် ဥပဒေအရာရှိကြီးများမှ တရားခွင်ရှေ့မှောက်သို့ စွပ်စွဲခံရသူအား ရောက်ရှိတင်ပို့သည့်အဆင့်မှစတင်၍ တရားခွင်အတွင်းဆောင်ရွက်ရသည့် အမှု စစ်ဆေးခြင်း လုပ်ငန်းအဆင့်များအား တစ်ခုချင်းစီအလိုက် အရေးပါသည့် ဥပဒေအချက်အလက်များ ထည့်သွင်းဖော်ပြလျက် အပြီးသတ်လျှောက်လဲချက်အပြန်အလှန်တင်ပြသည့်အဆင့်အထိ သရုပ်ပြ ဆောင်ရွက်ခဲ့ပါသည်။ သရုပ်ပြတရားခွင်ပြီးဆုံးချိန်၌ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စု ရှေ့နေချုပ်၊ တရားစွဲနှင့်အမှုလိုက်ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်

တို့မှ သြဝါဒလမ်းညွှန်အမှာစကားများ ပြောကြားခဲ့ပြီးနောက် သရုပ်ပြ တရားခွင်အခမ်းအနားအား အောင်မြင်စွာပြီးမြောက် ကျင်းပခဲ့ကြောင်း သိရှိရပါသည်။

လေ့ကျင့်သင်ကြားရေးဌာနခွဲ
ဥပဒေအသိပညာပြန့်ပွားရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

ဥပဒေရေးရာဝန်ကြီးဌာန
အပတ်စဉ်သတင်းလွှာ
အတွဲ(၂) အမှတ် (၁၁) ၂၀၂၄ခုနှစ် မတ်လ ၁၅ရက်

## ဥပဒေရေးရာဝန်ကြီးဌာန၊ အပတ်စဉ်သတင်းလွှာအား ဥပဒေရေးရာဝန်ကြီးဌာန website တွင် အောက်ပါအတိုင်း ဝင်ရောက်ဖတ်ရှုနိုင်ပါသည်။

